# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ( NCDDP )

**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

Village Development Plan ( VDP )


**မီးပြကျေးရွာ၊ မီးပြကျေးရွာ အုပ်စု**

၂၀၁၉ခုနှစ် ကျောက်တန်းမြို့ .


# မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.........2
၂။ မီးပြကျေးရွာအုပ်စုပြ မြေပုံ.........3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ.........4
၄။ကျေးရွာအခြေခံအချက်အလက်များ.........4
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်.........7
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော(PRA tools)များနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ.........8
၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ.........17
၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ.........20
၉။ကော်မတီဝင်များစာရင်း.........22
၁၀ ။ပုံစံစ-၁။ကျေးရွာအချက်အလက်.........25
၁၁။ပုံစံစ၂။စီမံကိန်းအချိန်ဇယား.........29
၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်.........31
၁၃။နောက်ဆက်တွဲ (၄)ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေး အစီအစဉ်.........34
၁၄။အစည်းအဝေးမှတ်တမ်းများ.........36
၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).........40

## ၁။ကျောက်တန်းမြို့နယ်မြေပုံ



## ၂။ မီးပြကျေးရွာအုပ်စုပြ မြေပုံ



## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ မီးပြကျေးရွာ

၂။ ခလောက်ဆွဲကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

**၁။ကျေးရွာသမိုင်းအကျဉ်း**

မီးပြကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၇) မိုင်ခန့်အကွာ ရန်ကုန်မြစ်ဝ၏ မြောက်ဘက်တွင် တည်ရှိပါသည်။ အကျယ်အဝန်းမှာ အရှေ့အနောက် (၂)မိုင်၊ တောင်မြောက် (၄.၀၅)မိုင် ခန့်ရှိပြီး စတုရန်းမိုင်ပေါင်း (၈.၆၅) ဧရိယာ (၅၁၉၈) ဧက ရှိပါသည်။မီးပြကျေးရွာသည် ကျောက်တန်းမြို့တောင်ဘက်တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် ဘော်ကလွတ်ကျေးရွာ၊ အရှေ့ဘက်တွင်ဖွဲဘာကုန်းတန်းကျေးရွာ၊ တောင်ဘက်တွင် ရန်ကုန်မြစ်၊ အနောက်ဘက်တွင်ချောင်းဝကျေးရွာတို့နှင့် နယ်နိမိတ်ထိစပ်နေပါသည်။

လွန်ခဲ့သော နှစ်(၂၀၀)ခန့်က ယခုဘုရားငုတ်တိုကွင်းသည် ဘုရားငုတ်တိုရွာအဖြစ် တည်ရှိပြီး သူကြီးဘိုးသိုက်မှ အုပ်ချုပ်ခဲ့ပြီး နောင်တွင် ဘုရားငုတ်တိုရွာ၏ တောင်ဘက် တောအုပ်ထဲတွင် မိသားစုများပြောင်းရွှေ့ပြီး ဆားချက်လုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ရာမှ မီးပြကျေးရွာ အဖြစ်တည်ရှိလာပါသည်။ မီးပြကျေးရွာဟုခေါ်တွင်ရခြင်းမှာ မွန်သူပုန်များ ထကြွသောင်းကျန်းချိန် တစ်ဦးနှင့်တစ်ဦး မွန်သူပုန်များလာရောက်ပါက တောအုပ်အတွင်းမှ မီးများအချက်ပြရာမှ စတွင်၍ မီးပြကျေးရွာဟုခေါ်တွင်ခဲ့ပါသည်။

မီးပြကျေးရွာသည် ပင်လယ်မြေမျက်နှာပြင် (၆)ပေအထက်တွင် တည်ရှိပါသည်။ မီးပြကျေးရွာသည် ရန်ကုန်မြစ်ဝ မြောက်ဘက်တွင် တည်ရှိပြီး ဧရိယာအားလုံးမှာ လယ်ယာစိုက်ပျိုးနိုင်သည် မြေနိမ့်လွင်ပြင်များဖြစ်ပါသည်။ မီးပြကျေးရွာသည် လယ်ယာစိုက်ပျိုးရေး နှင့် တံငါလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအားဖြင့် ကောင်းမွန်မှု ရှိပါသည်။

၂။ ကျေးရွာရှိအိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၁၃၇၄ | ၂၄၉၇ | ၂၄၅၇ | ၄၉၅၄ |
| ဟိန္ဒူ | ၄၇ | ၁၄၅ | ၉၈ | ၂၄၃ |
| ရခိုင် | ၄ | ၈ | ၇ | ၁၅ |

၃။ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၈၈ | ၁၃၅ | ၂၀၅ | ၃၄၀ |
| မြေယာမဲ့ | ၁၇၅ | ၁၆၄ | ၁၉၂ | ၃၅၆ |
| မသန်စွမ်း | ၇ | ၅ | ၂ | ၇ |

၄။အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | အပ်ချုပ် | ဆိုင်ကယ်ပြင်ဆိုင် |
| | ဆိတ် | လျှပ်စစ်ပြုပြင် | |
| | နွား | တွင်ခုံ | |
| | ကျွဲ | စပါးကြိတ်စက် | |

၅။ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက် ရရှိမှု | ရေတွင်း/ ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၈၅၈ | ၀ | ၄၀ | ၀ | -/၁၉ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၂၄ | ၁၂ | ၄ | ၄ | - | ၅၀ |

## ၆။ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၀ | ၅၆ | ၅၆ | ၂၁ | ၁၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၅၀/ ၆၀ | ၁၈၂ | ၃၄ | ၉၅၀ | ၂ |

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၂၁.၁၀.၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၀ | ၆ | ၁၆ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၁.၁၀.၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၀ | ၆ | ၁၆ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊မွေးမြူရေး၊ရေလုပ်ငန်းများ၊ဝင်ငွေ နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၂၁.၁၀.၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၁၀ | ၆ | ၁၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၂၁.၁၀.၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာလူထု | ၄ | ၁၆ | ၂၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၂၁.၁၀.၂၀၁၉ | အမျိုးသားများနှင့်အမျိုးသမီးများ | ၁၃ | ၁၅ | ၂၈ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၁.၁၀.၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၄ | ၁၀ | ၂၄ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော(PRA tools)များနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်




**သုံးသပ်ချက်**

မီးပြကျေးရွာအုပ်စု၊မီးပြကျေးရွာသည်ကျောက်တန်းမြို့၏ တောင်ဘက်နယ်မြေအတွင်းတွင်တည်ရှိပါသည်။ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းစသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏ကျန်းမာရေးကိစ္စရပ်များဖြစ်ပေါ်လာပါကကျေးရွာကျန်းမာရေးဌာနခွဲနှင့်တိုက်နယ်ဆေးရုံတို့တွင်ဆေးကုသခံယူ၍အရေးပေါ်ကျန်းမာရေးပြဿနာများဖြစ်ပွားပါကကျောက်တန်းမြို့နှင့် သန်လျင်မြို့များသို့ သွားရောက်၍ ဆေးကုသခံယူရပါသည်။ ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ကူညီ လုပ်ကိုင်ဆောင်ရွက်ပေးကြပါသည်။ ဟိန္ဒူလူမျိုးနှင့် ရခိုင်လူမျိုးအနည်းသာရှိပြီး ဗမာလူမျိုးအများစု နေထိုင်ကြပါသည်။

ကျေးရွာ၏မြောက်ဘက်တွင် ဘော်ဂလွတ်ကျေးရွာ၊ အရှေ့ဘက်တွင် ဖွဲ့ဘာကုန်းတန်းကျေးရွာ၊ တောင်ဘက်တွင်ရန်ကုန်မြစ်နှင့်အနောက်ဘက်တွင်ချောင်းဝကျေးရွာတို့နှင့်နယ်နမိတ်ချင်းထိစပ်နေပါသည်။ ကျေးရွာတွင်ဘုန်းတော်ကြီးကျောင်း(၃)ကျောင်းနှင့်စေတီ(၂)ဆူရှိပါသည်။ကျေးရွာ၏လိုအပ်ချက်များမှာ ကျေးရွာတွင်းလမ်းများ၊ကျောင်းအားကစားကွင်းပြုပြင်ခြင်း၊အထက်တန်းကျောင်းခွဲအားပြုပြင်ခြင်း၊စာကြည့်တိုက်ပြုပြင်ခြင်း၊ရေပိုက်လိုင်းသွယ်တန်းခြင်း၊သောက်သုံးရေကန်များအားခြံစည်းရိုးခတ်ခြင်း၊အုတ်ကန်တည်ဆောက်ခြင်း၊ဈေးရုံတိုးချဲ့တည်ဆောက်ခြင်းစသည်တို့ဖြစ်ပါသည်။လူထုဗဟိုပြုစီမံကိန်းပထမနှစ်နှင့်ဒုတိယနှစ်စက်ဝန်းတွင်ကျေးရွာ၏ဦးစားပေးလုပ်ငန်းများဖြစ်သောကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၊တတိယနှစ်စက်ဝန်းတွင်ကျောင်းအားကစားကွင်းပြုလုပ်ခြင်း၊ရေပြွန်တည်ဆောက်ခြင်းနှင့်ကျေးရွာတွင်း လမ်းများကွန်ကရစ်ခင်းခြင်းလုပ်ငန်အားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောကြောင့်ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေး များ ပိုမိုကောင်းမွန်လာပြီ ဖြစ်သည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

မီးပြကျေးရွာ၊ မီးပြကျေးရွာအုပ်စု၊ ကျောက်တန်းမြို့နယ်

၂၁.၁၀.၂၀၁၉

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | လယ်ဧက(၇၀)၊ ကား၊ တိုက်အိမ်၊ ပိုက်မျိုးစုံ၊ စက်လှေ၊ ဆန်စက်၊ တွင်ခုံ၊ ငါးဒိုင်၊ စတိုးဆိုင်၊ စက်ပစ္စည်းဆိုင်၊ ရိတ်စက်၊ ဆိုင်ကယ်၊ သစ်ပါးဆိုင်၊ ခြွေလှေ့စက်၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ သဲကျောက်ဆိုင်၊ အုတ်ဆိုင်၊ ဆီဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင် | ၂၅၀ | ၁၇.၅ |
| အလယ်အလတ် အုပ်စု | လယ်ဧက(၂၀)အထက်၊ ပျဉ်ထောင်သွပ်မိုး၊ စက်လှေ၊ ဆိုင်ကယ်၊ ပိုက်မျိုးစုံ၊ | ၁၀၅၀ | ၇၃.၇ |
| နွမ်းပါးသော အုပ်စု | ဝါးခနီအိမ်၊ ပိုက်ကလေး၊ ဂေါ်၊ ရေတွန်းလှည်း၊ ပိုက်ဖာ၊ ဆိုင်ကယ်၊ စက်ဘီး | ၁၂၅ | ၈.၈ |
| စုစုပေါင်း | | ၁၄၂၅ | ၁၀၀% |

### သုံးသပ်ချက်

မီးပြကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍အဆင့်(၃)ဆင့် ရှိပါသည်။

### ချမ်းသာသောအဆင့်

ကား၊ လယ်-၇၀ ဧက၊ တိုက်အိမ်၊ ပိုက်မျိုးစုံ၊ တွင်ခုံ၊ ဆန်စက်၊ စက်လှေ၊ ကုန်စုံဆိုင်၊သုံးဘီးဆိုင်ကယ်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းစက်၊ လယ်ထွန်စက်၊ ငါးဒိုင်၊ TV၊ သစ်ဆိုင်၊ အိမ်ဆောက်ပစ္စည်းမျိုးစုံဆိုင်၊ ဝါးခနီဆိုင်၊ အုတ်သဲကျောက်ဆိုင်၊ ဆီဆိုင်၊ စတိုးဆိုင်၊ ဆိုင်ကယ်တို့ ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၂၅၀)စု နှင့် ရာခိုင်နှုန်းမှာ(၁၇.၅%) ရှိပါသည်။


### အလယ်အလတ်ရှိသော အဆင့်

လယ်ဧက(၂၀)နှင့်အထက်၊ ပျဉ်းထောင်သွပ်မိုး၊ စက်လှေ၊ မော်တော်၊ မျှောပိုက်အစုံ၊ ဈေးဆိုင်၊ ဆိုင်ကယ်၊ TVတို့ ပိုင်ဆိုင်ပြီးအိမ်ထောင်စုမှာ ( ၁၀၅၀ )စုဖြစ်ပြီး ရာခိုင်နှုန်းမှာ (၇၃.၇ %) ဖြစ်ပါသည်။

### နွမ်းပါးသောအဆင့်

ဝါးခနီအိမ်၊ ထရံကာအိမ်၊ ပိုက်ကလေး၊ ဂေါ်၊ ရေတွန်းလှည်း၊ ပိုက်ဖာ၊ ဆိုင်ကယ်၊ စက်ဘီး၊တို့ ကိုပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ ( ၁၂၅ )စု ဖြစ်ပြီး ရာခိုင်နှုန်းမှာ ( ၈.၈% )ဖြစ်ပါသည်။

## ၃။ရာသီစွင်ပြပြက္ခဒိန်နှင့်သုံးသပ်ချက်။



### သုံးသပ်ချက်

### ရာသီဥတု

ရာသီဥတုအနေဖြင့် တန်ဆောင်မုန်း၊ တပို့တွဲနှင့်တပေါင်းလများတွင် သာယာ၍ ကဆုန်၊ နယုန်၊ ဝါဆိုနှင့် ဝါခေါင်လများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တော်သလင်းနှင့် သီတင်းကျွတ်လများတွင် မိုးအသင့်အတင့်ရွာပြီး နတ်တော်နှင့် ပြာသိုလများတွင် အေးချမ်း၍ ရာသီဥတုသာယာပါသည်။

### စိုက်ပျိုးရေး

စိုက်ပျိုးရေးလုပ်ငန်းများကို တန်ခူး၊ ကဆုန်လများတွင် စတင်ထွန်ယက်ကြပြီး ကဆုန်လတွင် ပျိုးကြကာ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် ပျိုးနှုတ်ကောက်စိုက်၍ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းကြပါသည်။ တန်ဆောင်မုန်းလတွင် ပဲတီစိမ်းကို သီးထပ်စိုက်ပျိုးကြပြီး ပြာသိုလတွင် ပဲပင်များကို ပေါင်းသင်၊ ဆေးဖြန်းခြင်းများကို ဆောင်ရွက်ပြီး တပို့တွဲလတွင် ပဲဆွတ်ကြပါသည်။

### မွေးမြူရေး

မိသားစုတစ်နိုင်တပိုင်ဝင်ငွေရရှိရန်ဘဲနှင့် ဝက်တို့ကို နှစ်ပတ်လုံးမွေးမြူကြပါသည်။

**ကျရောက်တက်သောရောဂါ(တိရစ္ဆာန်)**

တန်ခူးလနှင့်ကဆုန်လများတွင် အနာကျရောဂါများ၍ ကျန်လများတွင် ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။

**ကျန်းမာရေး**

ရာသီဥတုပြောင်းလဲသော ကာလများ ဖြစ်သော ကဆုန်၊ သီတင်းကျွတ်နှင့် တော်သလင်းလများတွင် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပြီး တပေါင်းလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်တတ်ပါသည်။

**ပွဲတော်များ**

တန်ခူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် ဆီမီးပူဇော်ပွဲနှင့် တပေါင်းလတွင် ဘုရားပွဲများကျင်းပကြပါသည်။

**အားလပ်ချိန်**

ဝါဆိုလနှင့် ဝါခေါင်လများသည် မိုးများသော ကာလဖြစ်သောကြောင့် အားလပ်ပါသည်။

**ဝင်ငွေ**

ဝင်ငွေအနေဖြင့်တန်ခူး၊ ကဆုန်နှင့် နယုန်လများတွင် ဝါဆို၊ဝါခေါင်နှင့် တော်သလင်းလများတွင် စပါးနှင့် ပဲတီစိမ်းပေါ်ချိန်ဖြစ်သော နတ်တော်၊ ပြာသို၊တပို့တွဲနှင့် တပေါင်းလများတွင်ဝင်ငွေကောင်းပါသည်။

**ရေလုပ်ငန်း**

ငါးဖမ်းရာသီဖြစ်သော သီးတင်းကျွတ်၊ တန်းဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် သားငါးအရအမိများပြီးကျန်လများတွင် ငါးအမိအရနည်းပါးပါသည်။

၄။ဗင်းပုံစံသုံးသပ်ချက်။



**သုံးသပ်ချက်**

ကျေးရွာအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး အဖွဲ့သည် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် အဓိက ချိတ်ဆက်နေပါသည်။ ပရဟိတအဖွဲ့၊ ကျောင်းသားမိဘဆရာအသင်း၊ လူမှုရေးအဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့၊ ဂေါပကအဖွဲ့တို့သည် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။


အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် အမျိုးသမီးများ၏ အခက်အခဲများကို ဖြေရှင်းပေးရန် ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပါသည်။ ကျေးလက်မီးလင်းရေး၊ အရံမီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်၊ လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့တို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါသည်။

မြစိမ်းရောင်၊ ပတ်(စ်)မြန်မာ၊ ဘီဂျီ၊ နန်းယော့၊ ဟာနာ စသည့် အဖွဲ့အစည်းများသည် ကျေးရွာ၏စီးပွားရေး လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင်းရှိ ကျေးရွာစီမံခန့်ခွဲမှုကော်မတီသည် မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက်၍ ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် လိုအပ်နေသော လုပ်ငန်းများကို ဆောင်ရွက်သည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သော မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာရှိ အရံမီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍လည်း ကျေးရွာအတွင်း မီးဘေးကာကွယ်ရေးကင်းရှင်းရေးအတွက် ချိတ်ဆက် လုပ်ဆောင်လျက် ရှိပါသည်။ မြို့နယ်နာရေးကူညီမှုအဖွဲ့၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဘဏ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့်အဖွဲ့များသည် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိနေပြီး ကျေးရွာအေးချမ်းသာယာရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို အတူတကွ ပူပေါင်းလုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

၅။ပင့်ကူအိမ်သုံးသပ်ချက်




**သုံးသပ်ချက်**

**ပညာရေး**

အမျိုးသားများနှင့်အမျိုးသမီးများသည်ယခုအခါတွင်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့်စီးပွားရေး၊လူမှုရေးများပိုမိုအဆင်ပြေကာပညာရေးတွင်လည်းတန်းတူအခွင့်အရေးရရှိလာပြီဖြစ်ပါသည်။

**ဝင်ငွေရရှိမှု**

မီးပြကျေးရွာတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရသောကြောင့် ဝင်ငွေရရှိသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မှုနည်းပါးနေသေးကြောင်းတွေ့ရပါသည်။

**အသင်းအဖွဲ့များတွင်ပါဝင်နိုင်မှု**

အမျိုးသားများသည် အမျိုးသမီးများထက် အသင်းအဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု**

အမျိုးသားများသည် ယခင်ကတည်းက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများနှင့် သာရေးနာရေးလုပ်ငန်းများကို လုပ်ဆောင်နေသည့်အတွက် အမျိုးသမီးများထက် ပို၍ဦးဆောင်နိုင်သည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် ရှေးရိုးအစဉ်အလာအရ အမျိုးသားများကို ပို၍ဦးစားပေးသောကြောင့် ဖြစ်ပါသည်။

**ကျန်းမာရေးအသိပညာ**

အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးအသိပညာပိုမိုကြောင်း လေ့လာသိရှိရပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

မီးပြကျေးရွာသည် ယခင်ကထက်လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်း၊သီလဝါ စက်မှုဇုန်၊အထည်ချုပ်စက်ရုံများနှင့် အခြားစက်ရုံများ ရှိလာခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာပြီး အမျိုးသားထက်အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာပါဖြစ်လာပါသည်။


**အိမ်မှုကိစ္စ**

အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် အချိန်ပြည့် လုပ်ကိုင်နေရသည်ကို တွေ့ရသည်။

**ဆုံးဖြတ်ပိုင်ခွင့်**

အိမ်ထောင်တစ်စု၊ အသင်းအဖွဲ့များတွင် ရှေးရိုးထုံးတမ်း အစဉ်အလာအရ အမျိုးသမီးများ သည် အမျိုးသားများထက် ဆုံးဖြတ်ပိုင်ခွင့်နည်းနေသေးသည်ကို တွေ့ရှိရပါသည်၊

### ၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။



### သုံးသပ်ချက်

### ထိန်းချုပ်မှု

အမျိုးသားများမှ သုသသန်ကိုထိန်းချုပ်ထားပါသည်။အမျိုးသမီးများမှ စာကြည့်တိုက်ကို ထိန်းချုပ်ထားပြီး အမျိုးသား/သမီးများ ထိန်းချုပ်ထားသော အရင်းအမြစ်များမှာ ဆေးပေးခန်း၊လမ်း၊ရေတွင်း၊ရေကန်၊စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊တံတား၊ဓမ္မာရုံနှင့်စေတီတို့ဖြစ်ပါသည်။

### အရင်းအမြစ်သုံးစွဲမှု

ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လမ်း၊ တံတား၊ စေတီ၊ ဆေးပေးခန်း၊ ရေတွင်း၊ ရေကန် ၊စာသင်ကျောင်း၊ စာကြည့်တိုက်၊ သုသာန်၊ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံတို့ကို အမျိုးသား၊အမျိုးသမီး အတူတကွ သုံးစွဲကြပါသည်။

## ၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ

**၁။အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့် စစ်ဆေးရမည့် အချက်များ

မေးမြန်းသည့်ရက်။ ။ ရက်စွဲ - ၂၂.၁၀.၂၀၁၉

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကိုရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင်ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက်(၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင်ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့်ကြုံတွေ့နေရသောအခတ်အခဲများကိုသင်ဆွေးနွေးမေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင်အချိန်ပေးရန်ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင်အမျိုးသမီး၊အမျိုးသားအချိုးညီမျှစွာ (၅၀း၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦးနှုန်းဖြင့်ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်များတွင်အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက်စည်းရုံးဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည်ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်အုပ်စုများအပေါ်မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှုရှိ/မရှိစစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |

## ၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



စီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်းတင်ဓါတ်ပုံ။



လူမှုဆန်းစစ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေးမှတ်တမ်း ဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ

## ၉။ကော်မတီဝင်များစာရင်း

၉။ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် |  | ရာထူး |
|---|---|---|---|---|
|  |  | ကျား | မ |  |
| ၁။ | ဦးမောင်မောင်လွင် | ✓ |  | ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီခေါင်းဆောင် |
| ၂။ | ဒေါ်မြင့်မြင့်ထွေး |  | ✓ | ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီခေါင်းဆောင် |
| ၃။ | ဒေါ်သင်းသင်း |  | ✓ | ဝယ်ယူရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၄။ | ဦးမျိုးလွင် | ✓ |  | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိန်း |
| ၅။ | ဦးစံမြင့် | ✓ |  | ဝယ်ယူရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၆။ | ဦးဆန်းလွင် | ✓ |  | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီခေါင်းဆောင် |
| ၇။ | ဦးတင်ရှိန်း | ✓ |  | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၈။ | ဒေါ်အေးချမ်းမေ |  | ✓ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင် |
| ၉။ | ဒေါ်စန္ဒာဝင်း |  | ✓ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီခေါင်းဆောင် |
| ၁၀။ | ဒေါ်ဖော်ဖော် |  | ✓ | လုပ်ငန်းလည်ပတ်ရေး နှင့်ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၁၁။ | ဦးစိန်အေး | ✓ |  | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ အဖွဲ့ဝင် |
| ၁၂။ | ဦးသိန်းအောင် | ✓ |  | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့. |
| ၁၃။ | ဒေါ်ယဉ်လေး |  | ✓ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့. |
| ၁၄။ | ဦးသံလုံး | ✓ |  | စေတနာ့ဝန်ထမ်း |
| ၁၅။ | ဦးဝင်းမြိုင် | ✓ |  | စေတနာ့ဝန်ထမ်း |
| ၁၆။ | ဒေါ်မာမာလှိုင် |  | ✓ | စေတနာ့ဝန်ထမ်း |
| ၁၇။ | ဒေါ်မူမူ |  | ✓ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (          ) ယောက်   ကျား(        )ယောက်+မ- (        ) ယောက်

၉။ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | | ရာထူး |
|---|---|---|---|---|
| | | ကျား | မ | |
| ၁၈။ | ဒေါ်ခင်ခင်ဦး | | ✓ | စေတနာ့ဝန်ထမ်း |
| ၁၉။ | ဒေါ်တင်တင်ထွေး | | ✓ | စေတနာ့ဝန်ထမ်း |
| ၂၀။ | ဒေါ်နွယ်နွယ်လှိုင် | | ✓ | ကျေးရွာငွေစာရင်းကိုင် |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

စုစုပေါင်း။ ( ၂၀ ) ယောက် ကျား( ၉ )ယောက်+မ- ( ၁၁ ) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| စဉ် | အမည် | လိင် | | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ဦးမောင်မောင်လွင် | √ | | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | မီးပြကျေးရွာ |
| ၂ | ဒေါ်မြမြဝင်း | | √ | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | ခလောက်ဆွဲကျေး ရွာ |
| ၃ | ဒေါ်မြင့်မြင့်ဆွေ | | √ | ဥက္ကဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | မီးပြကျေးရွာ |
| ၄ | ဦးတင်မောင်လွင် | √ | | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | မီးပြကျေးရွာ |
| ၅ | ဦးနေဝင်းထွန်း | | | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ခလောက်ဆွဲကျေး ရွာ |
| ၆။ | ဦးဝင်းဌေး | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | ခလောက်ဆွဲကျေး ရွာ |

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်ဖြူဇင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

## ၁၀ ။ပုံစံ-၁။ကျေးရွာအချက်အလက်

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| |
|---|
| *လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။* |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးအေးမိုင် | 09-5140927 | ဒေါ်ဖြူရတီဝင်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့ | ဖိုး၄ | ဖိုး၄ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ဗမာ--- | ၁၃၇၄ | ဘာသာ(၁)-ဗုဒ္ဓဘာသာ | ၁၃၇၄ |
| လူမျိုးစု (၂)--အိန္ဒိယ | ၄၇ | ဘာသာ(၂)-ဗုဒ္ဓဘာသာ | ၄၇ |
| လူမျိုးစု (၃)--ရခိုင်- | ၄ | ဘာသာ(၃)-ဗုဒ္ဓဘာသာ | ၄ |
| လူမျိုးစုရော-------------- | | ဘာသာရော------------ | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၄၀ |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၂၆၅၀ | ၂၅၆၂ | ၅၂၁၂ |
| လူမျိုးစု (၁)--ဗမာ | ၂၄၉၇ | ၂၄၅၇ | ၄၉၅၄ |
| လူမျိုးစု (၂)--ဟိန္ဒူဟာ | ၁၄၅ | ၉၈ | ၂၄၃ |
| လူမျိုးစု (၃)--ရှိုင် | ၈ | ၇ | ၁၅ |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၁၃၂၆ | ၉၉ | ၁၄၂၅ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☑ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှဌင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း?     မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန်----------------------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ     □ ရှိပါသည်     ရှိလျှင်ဖော်ပြပါ-----------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစိမ်းရောင်၊ ယက်ကန်းမြန်မာ

(၂) နှင်းဆော ၊ BG

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ     ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်     အမည် - ဦးဇော်နိုင်
လက်မှတ် [signature]     နေ့စွဲ ၂၇.၁၀.၂၀၁၉

လူထုစည်းရုံးရေးမှူး     အမည် ဒေါ်ဖြူဖြူဝင်း
လက်မှတ် Phyu     နေ့စွဲ ၂၇.၁၀.၂၀၁၉

## ၁၁။ပုံစံစ ၂။စီမံကိန်းအချိန်ဇယား

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖြူဂဝဝ | | | |
| နေ့စွဲ ၂၂ . ၁၀ . ၂၀၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - ရခိုင် | မြို့နယ် - ကျောက်တော် | ကျေးရွာအုပ်စု - ဓိး(၆) | ကျေးရွာ ဓိး(၆) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၁.၁၀.၂၀၁၉ | ၂၁.၁၀.၂၀၁၉ | ၃၄၉ | ၃၇၄ | ၇၂၃ | ၃၄ | [illegible] | ၁၄၂၅ | ၅၀.၇၄% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂.၁၀.၂၀၁၉ | ၂၂.၁၀.၂၀၁၉ | ၃၃၇ | ၄၅၉ | ၇၉၆ | ၁၅ | [illegible] | ၁၄၂၅ | ၅၅.၈၆% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃.၁၁.၂၀၁၉ | ၃.၁၁.၂၀၁၉ | ၄ | ၂ | ၆ | ၆ | ထော | ၁၄၂၅ | ၀.၄၂% |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင် အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

# ၁၂။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

**ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်** (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်၊** *အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဖြူဂျဝင်း | | | |
| နေ့စွဲ ၂၂. ၁၀. ၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁)<br>☐ စက်ဝန်း(၂)☐ စက်ဝန်း(၃)☑စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ရန်ကုန်တိုင်းဒေသကြီး | မြို့နယ်<br>ကော့မှူးတန်းမြို့နယ် | ကျေးရွာအုပ်စု<br>မိုးပြေ | ကျေးရွာ<br>မိုးပြေ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| လမ်းပန်းဆက်သွယ်ရေး သွားလာရခက်ခဲခြင်း | ☐ ကျား ☐မ ☑ကျား+ မ |
| ကျန်းမာရေး ဆရာ၊ဆရာမ မလုံလောက်ခြင်း | ☐ ကျား ☐မ ☑ကျား+ မ |
| ကျောင်းသားကလေးများ [illegible] မရှိခြင်း | ☐ ကျား ☐မ ☑ကျား+ မ |
| မြောင်းပါးပြိုခြင်း၊ ရေတိုက်စားခြင်း | ☑ကျား ☐မ ☐ ကျား+ မ |
| ဈေးသည်များ နေရာထိုင်ခင်း ခက်ခဲခြင်း | ☑ကျား ☐မ ☐ ကျား+ မ |
| ရွာတွင်းရေမြောင်းများ ရေစီး/လာမကောင်းခြင်း | ☐ ကျား ☑မ ☐ ကျား+ မ |
| လျှပ်စစ်မီး မလုံလောက်ခြင်း | ☐ ကျား ☑မ ☐ ကျား+ မ |
| သောက်သုံးရေ သေသပ်မှုမရှိခြင်း | ☐ ကျား ☐မ ☑ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ | |
|---|---|
| ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် | ☐ ကျား ☐ မ ☑ ကျား+ မ |
| သန့်ရှင်းသော သောက်သုံးရေကိုရရှိလာစေရန် | ☐ ကျား ☐ မ ☑ ကျား+ မ |
| ကျန်းမာရေး ဆရာ/ဆရာမများ ပြည့်စုံလာရန် | ☑ ကျား ☐ မ ☐ ကျား+ မ |
| လျှပ်စစ်မီး လုံလောက်ရန် | ☑ ကျား ☐ မ ☐ ကျား+ မ |
| ကျောင်း အားကစားကွင်း ရှိလာရန် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ဗဟုသုတ လေ့လာရန်အတွက် အဆောက်အအုံ ရှိလာရန် | ☑ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေ အတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ကျေးရွာတွင်းလမ်း ကျောက်ချောလမ်း ခင်းခြင်း (၁) | က + မ | လမ်းပန်း ဆက်သွယ်ရေး | ၁ | ၃၀၀၀၀၀၀၀ | ၂၆၅၀ | ၂၈၆၂ | ၅၅၁၂ |
| ၂ | ကျေးရွာတွင်းလမ်းကျောက်ချော လမ်းခင်းခြင်း (၂) | က + မ | ။ | ၂ | ၁၃၅၄၄၀၀၀ | ၂၆၅၀ | ၂၈၆၂ | ၅၅၁၂ |
| ၃ | လျှပ်စစ်မီးတိုးချဲ့ခြင်း | က | မီးလစ်ရေး | ၃ | ၁၀၀၀၀၀၀၀ | ၂၆၅၀ | ၂၈၆၂ | ၅၅၁၂ |
| ၄ | မူလွန်ကျောင်းဆောက်ခြင်း | က | ပညာရေး | ၄ | ၃၀၀၀၀၀၀၀ | ၂၆၅၀ | ၂၈၆၂ | ၅၅၁၂ |
| ၅ | | | | | | | | |

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အချိန်ကာလ | ဦးစားပေး အဆင့်သတ်မှတ်ချက် | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ဃ။ လုပ်ထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အချိန်ကာလ |
|---|---|---|---|
| ၁ | ဘုန်းတော်ကြီးကျောင်း ဆောက်ခြင်း | က + မ | ၁ ခြား |
| ၂ | လယ်ရေမြောင်းများ တူးဖော်ခြင်း | က | စိုက်ပျိုးရေး |
| ၃ | ဒီရေတော ပြုပြင်ထိန်းသိမ်းခြင်း | က + မ | သဘာဝဘေး ကာကွယ် |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ----ဦးဇော်ဇော်လွင် လက်မှတ် ---------------- နေ့စွဲ---၂၂. ၁၀. ၂၀၁၉

# ၁၃။နောက်ဆက်တွဲ (၄)ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေး အစီအစဉ်

၆

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သည့်ဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | ဖြစ်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | လယ်ရေမြောင်းများ တူးဖော်ခြင်း | ☐မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ဘုန်းတော်ကြီးကျောင်း ဆောက်ခြင်း | ☑ မ<br>☑ ကျား | | |
| | ၂ | ဒီရေတောပြုပြင် ထိန်းသိမ်းခြင်း | ☑ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

## ၁၄။အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဆီးဖြူကျေးရွာ

ကျေးရွာအုပ်စု ဆီးဖြူကျေးရွာ

အစည်းအဝေးပြုလုပ်သည့်နေရာ အုပ်ချုပ်ရေးမှူးရုံး

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၂၁. ၁၁. ၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ကျေးရွာနှစ်စက်ဝိုင်း ပထမအကြိမ် စီမံကိန်းမိတ်ဆက် အစည်းအဝေး

အစည်းအဝေးတတ်ရောက်သူဦးရေ ။ ကျား (၃၄၉)၊ မ (၃၇၄) စုစုပေါင်း (၇၂၃)

ရည်ရွယ်ချက်။ "ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းအကြောင်း ပိုမိုသိရှိလာရန်နှင့် စေတနာ့ဝန်ထမ်းရွေးချယ်ရန်။"

ဆွေးနွေးချက်။ "ပထမအကြိမ် အစည်းအဝေးကို အုပ်ချုပ်ရေးမှူး ဦးစောနိုင်မှ အဖွင့်အမှာစကား ပြောကြားပေးခဲ့ပါသည်။ ဆက်လက်၍ လူထုစည်းရုံးရေးမှူးမှ စီမံကိန်း၏ ရည်ရွယ်ချက်ကို ဦးစွာ ရှင်းပြခဲ့ပါသည်။ ထို့နောက် စီမံကိန်းမိတ်ဆက် ပြောကြားခြင်း အစည်းအဝေးသည် ကျေးရွာလူထုပူးပေါင်းပါဝင်မှုသာ အထမြောက်ကြောင်း ရှင်းပြခဲ့ပါသည်။ အိမ်ထောင်စု (၅၀%) မပြည့်မချင်း တက်ရောက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်၊ စီမံကိန်းသည် (၄) နှစ်ဖြစ်သည့်အတွက် ယခုအခါ နောက်ဆုံးနှစ်ရောက်ရှိပြီဖြစ်ကြောင်း ပြောကြားပြီး

ဒီမံကိန်းစက်ဝန်း၏ အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်ကို
အသေးစိတ် ပြန်လည်ရှင်းပြခဲ့ပါသည်။ ကျေးရွာလူထုနှင့်
အမေးအဖြေဖြေ၍ ရှင်းပြခဲ့ပါသည်။

ဆွေးနွေးချက်။
သဘောတူညီချက်

။ လူထုစည်းရုံးရေးမှူး မှ ဆက်လက်၍ တက်ရောက်သူနှင့်
စက်ဝန်းမှထောက်ပံ့ထားသော ကော်မတီများအား
ဆက်လက်ထောက်ပံ့ထားသော ဆောင်ရွက်နိုင်မှု ရှိ/မရှိကို
မေးမြန်းခဲ့ပါသည်။ ကော်မတီဝင်များအနက်မှ
အမျိုးသား (၅) ဦး၊ အမျိုးသမီး (၁) ဦးသည်
ဒီမံကိန်းအတွက် အချိန်မပေးနိုင်သောကြောင့်
ကျေးရွာလူထု၏ သဘောတူညီချက်အရ
ပြန်လည်ရွေးချယ်လိုက ရွေးချယ်နိုင်ကြောင်း
ရှင်းပြခဲ့ပါသည်။ ကော်မတီဝင် (၁၀) ယောက်မှ
(၅) ဦးသာ မလုပ်နိုင်သောကြောင့် ကျန်ရှိသော ကော်မတီဝင်
များကသာ ဆက်လက်လုပ်ဆောင်နိုင်ပါကြောင်း
ပြောကြားပြီး ကော်မတီဝင် အစားထိုး မလိုအပ်တော့ကြောင်း
ကျေးရွာလူထုနှင့် အတည်ပြုခဲ့ပါသည်။ ထို့နောက်
လူမှုဆိုင်ရာစစ်ခြင်း (၆) ခုအား တွေ့ရှိနိုင်ရေး
အတွက် အသစ်တစ်ဖန် ပြန်လည်ဆွေးနွေးပြီး
အနှစ်ချုပ်သုံးသပ်၍ အစည်းအဝေး ပိတ်သိမ်းခဲ့ပါသည်။

(မှတ်တမ်းတင်သူ)
ဒေါ်ဖြူဖြူခိုင်
CF

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ မိုးပြကျေးရွာ

ကျေးရွာအုပ်စု ........ မိုးပြကျေးရွာ

အစည်းအဝေးပြုလုပ်သည့်နေရာ ........ အုပ်ချုပ်ရေးမှူးရုံး

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ ၂၂ . ၁၁ . ၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ........ [illegible]စီမံကိန်း ဒုတိယအကြိမ် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ ကျား (၃၃၇)၊ မ (၄၅၉) စုစုပေါင်း (၇၉၆)

ရည်ရွယ်ချက်။ ။ ကျေးရွာ၏ အဓိကလိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အတည်ပြုဆွေးနွေးရန်နှင့် စီမံကိန်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ရန်အတွက် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ပြန်လည်အတည်ပြုရန်

ဆွေးနွေးချက်။ ။ လူထုစည်းရုံးရေးမှူးမှ အကျိုးဝင်သောလုပ်ငန်း၊ အကျိုးမဝင်သောလုပ်ငန်းများအကြောင်းနှင့် အကာအကွယ် ၅ မျိုးအား အသေးစိတ်ရှင်းပြခဲ့ပါသည်။ ထို့နောက် ကျေးရွာလူထုမှ တတိယနှစ်စီမံကိန်း ဦးစားပေးလုပ်ငန်းစဉ်များအပြင် အသစ်ထပ်မံဖြည့်ပြီး မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်နိုင်ကြောင်း၊ ယခင်မဲစနစ် အစီအစဉ်အတိုင်းထားရှိနိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ဆွေးနွေးချက်။

။ ကျေးရွာလူထုများမှ အသစ်ပြန်မရွေးချယ်လိုကြောင်း ယခင်နှစ်မဲ့ အဖွဲ့အစည်း အတိုင်း ဆက်လက်လုပ်ဆောင်ပါမည်ဟု သဘောတူဆွေးနွေးခဲ့ပါသည်။ ထို့ကြောင့် ဦးစားပေးအစဉ်တိုင်း ချပြ၍ အတည်ပြုခဲ့ပါသည်။

သဘောတူညီချက်

ဆက်လက်၍ လူထုစည်းရုံးရေးမှူးမှ တတိယနှစ်ဆက်တိုက်တွင် တာဝန်ထမ်းဆောင်ခဲ့သော ကော်မတီဝင်များအား တစ်ဦးချင်း အလိုက် စတုတ္ထနှစ်ဆက်တိုက်တွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မှု ရှိ/မရှိ ကျေးရွာလူထုမှ သဘောတူညီမှု ရှိ/မရှိကို (နာကြိမ် (၃) ခါ) မေးမြန်း၍ အတည်ပြုခဲ့ပါသည်။ ကော်မတီဝင်အားလုံးမှလည်း ဆက်လက်တာဝန်ထမ်းဆောင်နိုင်ကြောင်း အတည်ပြုခဲ့ပါသည်။ ထို့ကြောင့် ကော်မတီဝင်များအား ဆောင်ရွက်ရန်ချက်များကို ရှင်းပြပြီး လက်မှတ်ထိုးစေကာ အစည်းအဝေးကို ပြီးဆုံးခဲ့ပါသည်။

(မြတ်ကမ်းသာစိုး)
ဒေါ်ဖြူရင်ဝင်း
CF

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ၂၉.၁၀.၂၀၁၈ ကျေးရွာ- မီးပြကျေးရွာ VDP ရက်စွဲ-၁၇.၁၀.၂၀၁၈.10.2018
မြို့နယ်-ကျောက်တန်း ကျေးရွာအုပ်စု-မီးပြကျေးရွာ

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း
(အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုရေး၊ထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်
(ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊vennပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက်ရက်ပေါင်း-
- ○ PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း
(အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားအနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
    - ▪ အလွန်ကောင်း
    - ▪ ကောင်း
    - ▪ ညံ့
- ○ လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား။
    - ▪ ရှိ
    - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-
PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်
(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)